UNHCR
The UN Refugee Agency

# THAILAND

22 January – 1 February 2016

# MEDIA MONITORING REPORT # 142

## ငြိမ်းချမ်းရေးနှင့်ပြန်လည်ရင်ကြားစေ့ရေး

### အာဏာလွှဲပြောင်းရန်နီးကပ်လာသောကြောင့်တပ်မတော်နှင့်ဒေါ်အောင်ဆန်းစုကြည်ထပ်မံတွေ့ဆုံ

Irrawaddy News, 25 January 2016

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဥက္ကဋ္ဌသည်နိုဝင်ဘာလ(၈)ရက်နေ့အထွေထွေရွေးကောက်ပွဲတွင်သူမပါတီအပြတ်အသတ်အနိုင်ရပြီးနောက်မြန်မာ့တပ်မတော်ကာကွယ်ရေးစစ်ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးခဲ့သည်ဟုကာကွယ်ရေးဦးစီးချုပ်၏အဆိုအရသိရှိရသည်။



တနင်္လာနေ့တွင်ကျင်းပခဲ့သောအစည်းအဝေးတွင်တပ်ချုပ်မင်းအောင်လှိုင်နှင့်အတူဒုတိယတပ်မတော်ကာကွယ်ရေးစစ်ဦးစီးချုပ်ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အခြားထိပ်ပိုင်းဗိုလ်ချုပ်ကြီးများတက်ရောက်ကြပြီး NLD ဘက်မှဗဟိုကော်မတီဝင်ဦးဝင်းထိန်၊ ဦးဝင်းမြင့်နှင့်ဇော်မြင့်မောင်နှင့်ဒေါ်အောင်ဆန်းစုကြည်၏ကိုယ်ရေးဆရာဝန်ဒေါက်တာတင်မျိုးဝင်းစသည်တို့တက်ရောက်ခဲ့ကြသည်ဟုကြေငြာချက်တွင်ဖော်ပြထားသည်။

“ရွေးကောက်ပွဲလွန်ကာလတည်ငြိမ်အေးချမ်းစွာနဲ့အသွင်ကူးပြောင်းရေး၊ လွှတ်တော်နဲ့ပတ်သတ်တဲ့ကိစ္စရပ်တွေ၊နောက်တက်လာမယ့်အစိုးရသစ်ဖွဲ့စည်းရေးနဲ့တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေး (NCA) လက်မှတ်ရေးထိုးပြီးသည့်နောက်ပိုင်းတည်တံ့ခိုင်မြဲတဲ့ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက်ဆောင်ရွက်မှုတွေစသည်တို့ကိုနှစ်ဘက်စလုံးကပွင့်ပွင့်လင်းလင်းဆွေးနွေးခဲ့ကြပါတယ် ” ဟုကြေငြာချက်တွင်ဖော်ပြထားသည်။

**Link:** http://www.irrawaddy.com/burma/suu-kyi-military-chief-meet-again-as-power-transfer-nears.html

### ကရင်နိုင်ငံရေးပါတီ(၅)ပါတီမှတစ်ဖွဲ့တည်းအဖြစ်ပေါင်းစည်းမည်

Karen News, 29 January 2016




ကရင်နိုင်ငံရေးပါတီများပေါင်းစည်းရန်အတွက်ယခုအခါကြိုတင်ပြင်ဆင်မှုများစတင်ပြုလုပ်နေပြီးဖြစ်ပြီးတစ်နှစ်အတွင်းကရင်ပါတီ(၅)ပါတီအားပေါင်းစည်းရန်စီစဥ်ထားသည်။

ပါတီများပေါင်းစည်းရန်ဆုံးဖြတ်ချက်ကိုရန်ကုန်

မြို့၌ဇန်နဝါရီလ(၂၆)ရက်နေ့တွင်ကျင်းပသောပေါင်းစည်းရေးအစည်းအဝေးတွင်ချမှတ်ခဲ့ခြင်းဖြစ်ပြီးကရင်ပြည်နယ်အခြေစိုက်ဖြစ်သောဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ(PSDP)၊ ကရင်ဒီမိုကရက်တစ်ပါတီ(KDP)၊ ကရင်ပြည်နယ်ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့်ရန်ကုန်အခြေစိုက်ပါတီဖြစ်သောကရင်ပြည်သူ့ပါတီ(KPP)နှင့်ကရင်အမျိုးသားပါတီစသည်တို့မှကိုယ်စားလှယ်(၃၇)ဦးတက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင်ကရင်နိုင်ငံရေးပါတီတစ်ခုစီမှပေါင်းစည်းရေးနှင့်ပတ်သတ်၍၎င်းတို့၏မူများကိုတင်သွင်းခဲ့သည်။ ယခုမှပါတီထောင်ထားကာစဖြစ်သောကရင်အမျိုးသားပါတီသည်၎င်းတို့၏မူများရေးထားသည့်စာရွက်များကိုပထမဦးဆုံးအကြိမ်တင်ပြခဲ့ပြီးအစည်းအဝေးတက်ရောက်သူများကအသိအမှတ်ပြုလက်ခံခဲ့သည်။

“အဓိကဆွေးနွေးတဲ့အချက်တွေကတော့၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြောင်းလဲဖို့နဲ့အရေးပါတဲ့ဖက်ဒရယ်ပြည်ထောင်စုကိုပုံဖော်ထားတဲ့အမျိုးသားတန်းတူညီတူရှိဖို့နဲ့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိဖို့တို့ဖြစ်ပါတယ်။ဒီအချက်နှစ်ချက်စလုံးကိုကရင်ပါတီအားလုံးကအခြေခံသဘောအရလက်ခံခဲ့ပါတယ်။အခြားတစ်ချက်ကတော့ပေါင်းစည်းထားတဲ့ပါတီတွေကအခြားမည်သည့်ပါတီကပဲဖြစ်ဖြစ်၊အခြားမည်သည့်အဖွဲ့အစည်းတွေကပဲဖြစ်ဖြစ်လွှမ်းမိုးတာကိုမခံရပါဘူး။ကျွန်တော်တို့ဒီအရာတွေကိုခြေခံကျကျဆွေးနွေးပြီးခဲ့ပြီးမှပေါင်းစည်းဖို့ဆုံးဖြတ်ခဲ့တာပါ ။”

**Link:** http://karennews.org/2016/01/five-karen-political-parties-to-unite-into-one.html/

## <u>တိုင်းရင်းသားလူငယ်များမှငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပိုမိုပါဝင်ခွင့်ရရန်တောင်းဆို</u>

Myanmar Times, 28 January 2016

ကယားပြည်နယ်ရှိတိုင်းရင်းသားလူငယ်အဖွဲ့များမှ၎င်းတို့သည်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၌ပိုမိုပါဝင်ချင်ကြကြောင်းပြောဆိုခဲ့သည်။

ယခုတစ်ပတ်တွင်မြို့တော်လွိုင်ကော်၌ပြုလုပ်သောတိုင်းရင်းသားလူငယ်များဖလှယ်ခြင်းညီလာခံတစ်ခုတွင်နောင်မျိုးဆက်သစ်များ၏သဘောထားများကိုငြိမ်းချမ်းရေးဆွေးနွေးပွဲတွင်ပါဝင်ခဲ့သောသူများမှစဉ်းစားတွေးတောပေးရန်တောင်းဆိုခဲ့သည်။

အဖွဲ့အစည်းကော်မတီအဖွဲ့ဝင်ကိုမင်းအောင်မှလာမည့်အစိုးရသစ်အနေဖြင့်၎င်းအကြောင်းကိစ္စများကိုစဉ်းစားတွေးတောသင့်ကြောင်းမြန်မာတိုင်းမ်းသို့ပြောခဲ့သည်။

သုံးရက်တာကျင်းပသည့်ညီလာခံ၏ရည်ရွယ်ချက်သည်လူငယ်များ၊ တိုင်းရင်းသားလူငယ်များအတွင်းပိုမိုကျစ်လစ်စွာဖွဲ့စည်းထားသည့်နိုင်ငံရေးအင်အားစုများနှင့်လူမှုရေးအဖွဲ့အစည်းများအတွင်းပိုမိုပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပြီးတိုးတက်မှုများအတွက်စိတ်ကူးစိတ်သန်းများတိုးတက်လာစေရန်နှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌အနာဂတ်တွင်နိုင်ငံရေးပါတီများနှင့်ပူးပေါင်းဆောင်ရွက်ရန်စသည်တို့ပါဝင်သည်။

အခမ်းအနားတွင်(၈၈)မျိုးဆက်ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့ဘောင်အဖွဲ့မှဦးကိုကိုကြီးက “လူငယ်နှင့်ခေါင်းဆောင်မှု” နှင့်ပတ်သတ်၍အမှာစကားပြောကြားခဲ့သည်။ ပအိုဝ့်အမျိုးသားလွတ်မြောက်ရေးအစည်းအရုံးမှဦးခွန်မြင့်ထွန်းလည်းတက်ရောက်ခဲ့သည်။

**Link:** http://www.mmtimes.com/index.php/national-news/18695-ethnic-youths-call-for-greater-role-in-peace-process.html

# တရားဥပဒေနှင့်အုပ်ချုပ်မှု

## <u>အထက်လွှတ်တော်နှင့်အောက်လွှတ်တော်ပြောရေးဆိုခွင့်ရှိသူများ၏အမည်ကိုဦးဝင်းထိန်မှအတည်ပြုပြောကြား</u>

Mizzima, 28 January 2016

ယနေ့ဇန်နဝါရီလ(၂၈)ရက်နေ့၌ NLD ဗဟိုကော်မတီဝင်ဦးဝင်းထိန်ကအမျိုးသားလွှတ်တော်(အထက်လွှတ်တော်)နှင့်ပြည်သူ့လွှတ်တော်(အောက်လွှတ်တော်)တို့အတွက်ပြောရေးဆိုခွင့်ရှိသူအမည်များကိုအတည်ပြုပြောကြားခဲ့သည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ်ဦးဝင်းမြင့်နှင့်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ်ဦးမန်းဝင်းခိုင်သန်းတို့ကို NLD က ရွေးချယ်ခဲ့သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ(USDP)မှကချင်လွှတ်တော်ကိုယ်စားလှယ်ဦးတီခွန်မြတ်အားပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ်၎င်း၊ရခိုင်အမျိုးသားပါတီ(ANP)မှရခိုင်တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်ဦးအေးသာအောင်အားအမျိုးသားလွှတ်တော်၏ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်းရွေးချယ်ခဲ့သည်။

**Link:** http://www.mizzima.com/news-domestic/u-win-htein-confirms-names-upper-and-lower-house-speaker-nominees

## လွှတ်ငြိမ်းချမ်းသာခွင့်တွင်နိုင်ငံရေးအကျဉ်းသား(၅၂)ဦးပါဝင်

Myanmar Times, 22 January 2016

သမ္မတလွတ်ငြိမ်းချမ်းသာခွင့်ဖြင့်အကျဉ်းသား(၁၀၁)ကျော်ကိုမြန်မာနိုင်ငံအနှံ့အကျဉ်းထောင်များမှလွတ်ငြိမ်းချမ်းသာခွင့်ပေးရာတွင်နယူးဇီလန်နိုင်ငံသားတစ်ဦးအပါအဝင်နိုင်ငံရေးအကျဉ်းသားအယောက်(၅၀)ကိုလွှတ်ပေးခဲ့သည်။




"ကျွန်တော်တို့သိရသလောက်တော့မန္တလေး၊ တောင်ငူ၊ အင်းစိန်၊ ဘားအံ၊ မြစ်ကြီးနားနဲ့ပူတာအို အကျဉ်းထောင်တွေမှာရှိတဲ့နိုင်ငံရေးအကျဉ်းသား(၅၂)ဦးကိုလွှတ်ပေးခဲ့ပါတယ် " ဟုနိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း-မြန်မာ (AAPPB) မှဥက္ကဋ္ဌဖြစ်သူဦးဘိုကြည်က ပြောခဲ့သည်။

သမ္မတရုံးမှညွှန်ကြားရေးမှူးဖြစ်သူဦးဇော်ဌေးကသမ္မတသည်အဖွဲ့အစည်းအများအပြား၏တောင်းဆိုမှုအရအကျဉ်းသား(၁၀၂)ဦးကိုလွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ကြောင်းပြောကြားခဲ့သည်။သမ္မတသည်နိုင်ငံ၏အနာဂတ်အတွက်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၎င်းမှပြောကြားခဲ့သည်။

ယနေ့လွှတ်ပေးခြင်းသည်မှန်ကန်သည့်လမ်းကြောင်းတွင်အဆင့်တဆင့်ဖြစ်သော်လည်းတရားစွဲဆိုခံထားရသည့်နိုင်ငံရေးအမှု(၄၀၉)မှုရှိပြီးအကျဉ်းထောင်သံတိုင်များနောက်တွင်အမှုရင်ဆိုင်နေရသူ(၁၁၄)ဦးရှိသည်ဟုဦးဘိုကြည်ကပြောခဲ့သည်။

**Link:** http://www.mmtimes.com/index.php/national-news/18625-52-political-prisoners-released-in-surprise-amnesty.html

# စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု

## အစိုးရစာသင်ကျောင်းများအတွက်မွန်ဘာသာသင်ရိုးညွှန်းတန်းအသစ်အဆင်သင့်ဖြစ်နေ

Irrawaddy News, 25 January 2016

မော်လမြိုင်မြို့၌မွန်ဘာသာသင်ကြားပို့ချမှုအတွက်ကျောင်းသားဗဟိုပြုသင်ရိုးညွှန်းတန်းအသစ်တစ်ခုကိုကျောင်း

ဆရာ/ ဆရာမအယောက်(၄၀၀)အားယခုတပတ်တွင်စတင်သင်တန်းပို့ချနေပြီဖြစ်သည်။



မွန်ပြည်နယ်မြို့တော်၌ပြုလုပ်သည့်သင်တန်းအားအစိုးရစာသင်ကျောင်းများ၌မွန်ဘာသာသင်တန်းနည်းပြများအဖြစ်လုပ်ကိုင်နေကြသည့်ဒေသတွင်းစေတနာ့ဝန်ထမ်းများနှင့်အရပ်ဖက်ဝန်ထမ်းများမှတက်ရောက်ကြမည်ဖြစ်သည်။တက်ရောက်သည့်သူများမှာမွန်ပြည်နယ်၊ကရင်ပြည်နယ်နှင့်တနင်္သာရီတိုင်းတို့မှဖြစ်ကြသည်။

မွန်ပြည်နယ်အစိုးရနှင့်အတူမွန်ဘာသာသင်ရိုးညွှန်းတန်းကော်မတီမှနောင်လာမည့်စာသင်နှစ်အတွက်မူလတန်းအဆင့်ကျောင်းသုံးဖတ်စာအုပ်၊အခြေခံမွန်ဘာသာစာအုပ်နှင့်ဆရာလမ်းညွှန်စသည်တို့ကိုအကြမ်းရေးဆွဲပြီးပြီဖြစ်သည်။စာအုပ်ထဲတွင်ပါဝင်သည့်စာသားများကိုမြန်မာ့အစိုးရကျောင်းများတွင်ပြဌာန်းထားသောသင်ရိုးညွှန်းတန်းနှင့်လိုက်လျောညီထွေရှိအောင်ပြင်ဆင်ထားခြင်းဖြစ်ပြီးဘာသာမျိုးစုံသင်ကြားနိုင်သည့်ပညာရေးကိုအခြေခံပြုသည့်မိခင်ဘာသာစကားကိုအခြေခံခြင်းဖြစ်သည်၊ သင်ကြားမှုတွင်ယုံကြည်စိတ်ချမှုတည်ဆောက်နိုင်ရန်နှင့်မိခင်ဘာသာစကားပျောက်ကွယ်မသွားရန်အတွက်နည်းလမ်းတစ်ခုအဖြစ်ကျောင်းသားများအားချဉ်းကပ်သင်ကြားနိုင်သည်။

**Link:** http://www.irrawaddy.com/burma/new-mon-language-curriculum-ready-for-government-schools.html

## <u>ကရင်ပြည်နယ်အစိုးရမှတန်ဖိုးနည်းအိမ်ရာများဆောက်လုပ်ရန်ခွင့်ပြု</u>

Myanmar Times, 28 January 2016

တစ်နှစ်ကျော်ကြာမဆုတ်မနစ်ကြိုးပမ်းအားထုတ်ပြီးသည့်နောက်နာမည်အနည်းငယ်သာရှိသောကုမ္ပဏီတစ်ခုအားကရင်ပြည်နယ်အစိုးရကဘားအံမြို့အနီးအနားတွင်အဓိကတန်ဖိုးနည်းအိမ်ရာစီမံကိန်းတစ်ခုကိုဆောက်လုပ်ရန်ခွင့်ပြုခဲ့သည်။



စီမံကိန်းသည်ဘားအံစက်မှုဇုန်အနီးအနားရှိယခင်ကစစ်တပ်ပိုင်မြေဖြစ်သောဧကေ(၂၀)ပေါ်တွင်ဆောက်လုပ်နေခြင်းဖြစ်သည်။ပြည်နယ်အစိုးရသည်တစ်ဧကလျှင်ကျပ်သိန်း(၁၃၀)ဖြင့်မြေငွေးကြွယ်လင်းကုမ္ပဏီထံရောင်းချခဲ့သည်။ ဆောက်လုပ်ရေးကိုဇန်နဝါရီလ(၂၄)ရက်နေ့တွင်စတင်ဆောက်လုပ်နေခဲ့ပြီဖြစ်သည်။

စီမံကိန်း၌မြေစတုရန်းပေ (၆၀၀) စီတွင်တိုက်ခန်းပေါင်း (၂၅၅၀) ခန်းပါဝင်မည်ဖြစ်ပြီး (၅) ထပ်တိုက်များဖြစ်သည်။ကြိုတင်ပေးသွင်းရမည့်ငွေအားအရစ်ကျဖြင့်သော်၎င်း၊လက်ငင်းငွေပေးချေ၍သော်လည်းကောင်းဝယ်ယူနိုင်သည်။ဈေးနှုန်းအမျိုးမျိုးရှိသည်၊ဝယ်သူမှလက်ငင်းငွေချေမည်ဆိုလျှင်အခန်းတစ်ခန်းလျှင်သိန်း(၈၀)ပေးသွင်းရမည်ဖြစ်ပြီးအရစ်ကျပေးသွင်းမည်ဆိုလျှင်တစ်လလျှင်ကျပ်(၃)သောင်းဖြင့်(၁၀၈)သိန်းအားအရစ်ကျပေးသွင်းရမည်ဖြစ်ပြီးနှစ်(၃၀)ကျော်ပေးသွင်းရမည်ဖြစ်သည်။

အရစ်ကျပေးသွင်းရန်ရွေးချယ်သည့်သူများသည်(၂)နှစ်ကြာငွေပေးသွင်းပြီးသည့်နောက်၎င်းတို့၏အခန်းသို့ပြောင်းလာနိုင်ပြီဖြစ်သည်။

**Link:** http://www.mmtimes.com/index.php/business/property-news/18706-kayin-government-gives-cautious-green-light-to-low-cost-housing-development.html

## မွန်ပြည်နယ်တွင်သဘာဝဓာတ်ငွေ့နှင့်စွန့်ပစ်အပူသုံး (CCGT) ဓာတ်အားပေးစက်ရုံတည်ဆောက်မည်

Mon News Agency, 1 February 2016




မွန်ပြည်နယ်၊သထုံမြို့တွင်သဘာဝဓာတ်ငွေ့နှင့်စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံစီမံကိန်းတစ်ခုကိုဆောက်လုပ်ရန်အတွက်နေပြည်တော်၌ဇန်နဝါရီလ(၂၆)ရက်နေ့တွင် မြန်မာ့လျှပ်စစ်စွမ်းအားဝန်ကြီးဌာန(MEPE) နှင့် တရုတ်နိုင်ငံ China Engineering Energy Group (CEEC) တို့အတွင်းစာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားပြုလုပ်ကာအပြီးသတ်လက်မှတ်ရေးထိုးခဲ့သည်။

လျှပ်စစ်စွမ်းအင် (၁၁၈) မီဂါဝပ်ထုတ်လုပ်မည့်သဘာဝဓာတ်ငွေ့နှင့်စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံသည် ပြည်နယ်နှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ဓာတ်အားလိုအပ်ချက်ကိုဖြည့်စည်းပေးနိုင်မည်ဟုပြည်ထောင်စုလျှပ်စစ်စွမ်းအားဝန်ကြီးဦးခင်မောင်စိုးကပြောကြားခဲ့ကြောင်းအခမ်းအနားတက်ရောက်သူများ၏အဆိုအရသိရှိရသည်။

“ ဒီစီမံကိန်းကိုပြည်ထောင်စုအစိုးရကနေတိုက်ရိုက်ကိုင်တွယ်ထားတယ်ဆိုတော့အသေးစိတ်ကိုကျွန်တော်မသိပါဘူး၊ ကျွန်တော်သိရသလောက်ကတော့ဓာတ်အားပေးစက်ရုံကထုတ်လုပ်တဲ့လျှပ်စစ်ဓာတ်အားကိုမွန်ပြည်နယ်မှာအဓိကထားပေးဝေသွားမှာပါဟု ” မွန်ပြည်နယ်လျှပ်စစ်ဝန်ကြီးနိုင်လဝီအောင်ကမွန်သတင်းအေဂျင်စီနှင့်အင်တာဗျူးတွင်ပြောကြားခဲ့သည်။

စီမံကိန်းငွေကြေးထောက်ပံ့မှုရရှိရန်အတွက်လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည်ကမ္ဘာ့ဘဏ်၏နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး(IDA)ချေးငွေကိုလက်ခံရရှိမည်ဖြစ်သည်။

**Link:** http://monnews.org/2016/01/31/new-ccgt-power-plant-to-be-installed-in-mon-state/

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren